ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာ

အမှတ် ( ၆ /၂၀၁၅)

၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

(၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးကိုအရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၉၅ ၊ (ခ) နှင့်အညီ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါအတိုင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်သည်-

(က) ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်အတွင်းရှိ နယ်နိမိတ်တိုင်းတာပြီးစီးမှု မြေပြင် နယ်နိမိတ်မှတ်တိုင်အမှတ်ပေါင်း၂၀၃ တိုင်၊ မြေပြင်ဧရိယာအကျယ်အဝန်းအားဖြင့် ၃၆၈၁.၄၄ဧက (ဟက်တာပေါင်း ၁၄၈၉.၈၃ဟက်တာ)နှင့် ရေပြင်ဧရိယာ ၆၀၇.၈၈ ဧက၊ စုစုပေါင်းဧရိယာအကျယ်အဝန်း (၄၂၈၉.၃၂ ဧက) (ဟက်တာပေါင်း ၁၇၃၅.၈၃ ဟက်တာ) ကို ကျောက်ဖြူအထူးစီးပွားရေးဇုန် ကနဦးနယ်နိမိတ်အဖြစ် သတ်မှတ်လိုက်သည်။

(ခ) ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ပါဝင်သော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ၏ ဖွဲ့စည်းမှုနယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ကျောက်ဖြူအထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီ၏ တင်ပြသော အမှုတွဲတွင်ပါရှိသည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ မှန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ပူးတွဲပါ မြေပုံအတိုင်းဖြစ်သည်။

(ဂ) ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ စီမံကိန်းတစ်ခုချင်းစီအလိုက် ကနဦး မြေဧရိယာ နယ်နိမိတ် အလားအလာသတ်မှတ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(၁) **ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၁)အတွက် နယ်နိမိတ်။** ရေနက်ဆိပ်ကမ်း စီမံကိန်း အမှတ်(၁) ရေပြင်နယ်နိမိတ်ဧရိယာသည် မဒဲကျွန်း၏ မြောက်ဘက် ကပ်လျှက်တည်ရှိပြီး နယ်နိမိတ် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

မြောက်ဘက် - ရေပြင်နယ်နိမိတ်အမှတ် (၈) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၆ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃

ဒီဂရီ ၃၈ မိနစ် ၄၀.၈ စက္ကန့်) မှ အရှေ့မြောက် ညွှန်းရပ်အတိုင်း မဒဲကျွန်း၏ အနောက်မြောက်စွန်းရှိ ရေပြင်နယ်နိမိတ် အမှတ် (၅) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၅၆.၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၄၃.၇ စက္ကန့်) အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက် လိုင်းများအား ရေပြင် ဧရိယာ အမှတ်(၁)၏ နယ်နိမိတ် အဖြစ် သတ်မှတ်သည်။

အရှေ့ဘက် - မဒဲကျွန်း၏ အနောက်မြောက်စွန်းတွင်ရှိသော ရေပြင်နယ်နိမိတ် အမှတ်(၅) ( မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၅၆.၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၄၃.၇ စက္ကန့် )မှ အရှေ့တောင်ညွှန်းရပ်အတိုင်း ဂုံးကျွန်းကိုဖြတ်၍ ၎င်းကျွန်း၏ မြောက်ဘက် နယ်နိမိတ် လိုင်းအတိုင်း ဆက်ဆွဲပြီး ရေပြင်နယ်နိမိတ် အမှတ်(၆) နေရာ (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၄.၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၁၈.၅ စက္ကန့်) အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

တောင်ဘက် - ရေပြင်နယ်နိမိတ် အမှတ်(၆) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၄.၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၁၈.၅ စက္ကန့်) မှ အနောက်တောင် ညွှန်းရပ်အတိုင်း မဒဲကျွန်း၏ မြောက်ဘက်ပိုင်း ကျွန်းကုန်းမြေပေါ်ရှိ မြေပြင် နယ်နိမိတ် မှတ်တိုင် အမှတ်(၇) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၂၅.၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၀၅.၇ စက္ကန့်) အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

အနောက်ဘက် - မြေပြင်နယ်နိမိတ် မှတ်တိုင်အမှတ် (၇) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၂၅.၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၀၅.၇ စက္ကန့် )မှ အနောက်မြောက် ညွှန်းရပ်အတိုင်း မဒဲကျွန်း၏ မြောက်ဘက်စွန်း နေရာများကို ဖြတ်၍ ရေပြင်နယ်နိမိတ် အမှတ်(၈) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၆ စက္ကန့်၊

အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၄၀.၈ စက္ကန့်)အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

(၂) **ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၂)အတွက် နယ်နိမိတ်။** ရေနက်ဆိပ်ကမ်းစီမံကိန်း အမှတ်(၂) ရေပြင်နယ်နိမိတ်ဧရိယာသည် ရမ်းဗြဲကျွန်း၏ မြောက်ဘက်ကပ်လျှက်တည်ရှိပြီး နယ်နိမိတ် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြောက်ဘက် - ရေပြင်နယ်နိမိတ်အမှတ်(၄)နေရာ (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၃.၃ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ် ၅၇.၄ စက္ကန့်)မှ အရှေ့မြောက်ညွှန်းရပ်အတိုင်း ရေပြင်နယ်နိမိတ်အမှတ်(၁) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၀၂.၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၁၀.၀စက္ကန့်) အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက် လိုင်းများအား ရေပြင်ဧရိယာ အမှတ်(၂) ၏ နယ်နိမိတ် အဖြစ် သတ်မှတ်သည်။

အရှေ့ဘက် - ရမ်းဗြဲကျွန်း၏ အရှေ့မြောက်အရပ် ရေပြင်နယ်နိမိတ်အမှတ်(၁) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၀၂.၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၁၀.၀ စက္ကန့်) မှ အရှေ့တောင်အရပ် ညွှန်းရပ်အတိုင်း ရေပြင် နယ်နိမိတ် အမှတ်(၂)နေရာ (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂မိနစ် ၅၅.၉စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၅၄.၄ စက္ကန့်) အထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

တောင်ဘက် - ရေပြင်နယ်နိမိတ် အမှတ်(၂)နေရာ (မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၂မိနစ် ၅၅.၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၅၄.၄ စက္ကန့်) မှ အရှေ့တောင် ညွှန်းရပ်အတိုင်း ရေပြင်နယ်နိမိတ်အမှတ်(၃) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၅၁ .၈ စက္ကန့်) နေရာအထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

အနောက်ဘက် - ရေပြင်နယ်နိမိတ် အမှတ်(၃)နေရာ (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၃၆.၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၅၁.၈ စက္ကန့်) မှ အနောက်မြောက် ညွှန်းရပ်အတိုင်း ရမ်းဖြဲကျွန်းအနီး ကပ်လျက်ရှိသော ရေပြင်နယ်နိမိတ် အမှတ်(၄) (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၃.၃ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ် ၅၇.၄ စက္ကန့်) နေရာအထိ ဆက်ဆွဲသော မျဉ်းတစ်လျှောက်၊

(၃) **စက်မှုဇုန်စီမံကိန်းအတွက်နယ်နိမိတ်။** စက်မှုဇုန်စီမံကိန်း ရှိယာသည် ကျောက်ဖြူမြို့၏ တောင်ဘက် ၈.၅ ကီလိုမီတာခန့် အကွာအဝေးတွင် တည်ရှိပြီး ၎င်းတွင် ကန္ဒီးကျေးရွာအုပ်စု၊ သိုင်းချောင်းကျေးရွာ အုပ်စု၊ ကြတ္တိန်ကျေးရွာအုပ်စု၊ ကပ်သပြေကျေးရွာအုပ်စုနှင့် ချောင်းဝကျေးရွာ အုပ်စုတို့ ပါဝင်သည်-

မြောက်ဘက် - ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အနောက်ဘက် ဘေးရှိ မြေတိုင်းမှတ်တိုင်အမှတ် TIP 1-7 (N 2139016.747m ၊ E556265.621m) မှ ကျောက်ဖြူ-ရန်ကုန်ကားလမ်းမ၏ အရှေ့ဘက်သို့ မြေတိုင်းမှတ်တိုင် အမှတ် (TIP2-20 ၊ TIP2-19 ၊ TIP2-18 ၊ TIP2-17၊ TIP2-16 ၊ TIP2-15 ၊ TIP2-14) တို့ အတိုင်း ၂၃၀၇.၀၃၉ မီတာခန့်အကွာ ကျောက်ဖြူ-ဧညဝတီ ရေတပ်စခန်းဌာနချုပ် ကားလမ်းမ၏ အနောက်ဘက် ဘေးရှိ မြေတိုင်း မှတ်တိုင်အမှတ် CIP2-21 (N 2139592.268m ၊ E 557805.738m) အထိ။

အရှေ့ဘက် - ကျောက်ဖြူ-ဧညဝတီရေတပ်စခန်း ဌာနချုပ် ကားလမ်းမ၏ အရှေ့ဘက်ဘေးရှိ မြေတိုင်းမှတ်တိုင်အမှတ် CIP2-21 (N 2139592.268m ၊ E 557805.738m) မှ တောင်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် ( CIP2-20၊ CIP2-19 ၊ CIP2-18 ၊ CIP2-17 ၊ CIP2-16 ၊ CIP2 -15၊ CIP2-14 ၊ CIP2-13 ၊ CIP2-12 ၊ CIP2-11၊ CIP2-10 ၊ CIP2-9 ၊ CIP2-8 ၊ CIP2-7 ) တို့အတိုင်း

၇၄၄၄.၁၉ မီတာခန့်အကွာရှိ မြေတိုင်းမှတ်တိုင်အမှတ် CIP2-6 (N 2137987.384m ၊ E 557078.956m) အထိ။

တောင်ဘက် - ကျောက်ဖြူ-ရန်ကုန် ကားလမ်းမ၏ အရှေ့ဘက်ရှိ မြေတိုင်းမှတ်တိုင်အမှတ် CIP2-6 (N 2137987.384m ၊ E 557078.956m) မှ အနောက်ဘက်သို့ မြေတိုင်းမှတ်တိုင်အမှတ် (CIP1-22 ၊ CIP1-21 ၊ CIP1 -20၊ CIP1-19) တို့ အတိုင်း ၂၄၉၀.၄၆၆ မီတာခန့်အကွာ ကျောက်ဖြူ-ရန်ကုန်ကားလမ်းမ၏ အရှေ့ဘက် လမ်းဘေးရှိ မြေတိုင်း မှတ်တိုင်အမှတ် CIP1-18 (N 2137293.572m ၊ E 555193.368m) အထိ။

အနောက်ဘက် - ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အရှေ့ဘက် လမ်းဘေးရှိ မြေတိုင်း မှတ်တိုင် အမှတ် CIP1-18(N 2137293.572m ၊ E555193.368m) မှ မြောက်ဘက်သို့ မြေတိုင်း မှတ်တိုင် အမှတ် (TIP1-20 ၊ TIP1-19၊ TIP1-18 ၊ TIP1-17 ၊ TIP1-16 ၊ TIP1-15 ၊ TIP1-14 ၊ TIP1-13 ၊ TIP1-12 ၊ TIP1-11 ၊ TIP1-10 ၊ TIP1-9 ၊ TIP1-8) တို့ အတိုင်း ၅၂၄၁.၃၄၆ မီတာခန့်အကွာ ကျောက်ဖြူ-ရန်ကုန် ကားလမ်းမ၏ အနောက်ဘက်ဘေးရှိ မြေတိုင်း မှတ်တိုင်အမှတ် TIP 1-7 (N 2139016.747m ၊ E 556265.621m) အထိ။

(၄) **အဆင့်မြင့်အိမ်ရာစီမံကိန်းအတွက်နယ်နိမိတ်။** အဆင့်မြင့်အိမ်ရာစီမံကိန်း ရေိယာသည် ကျောက်ဖြူမြို့၏ တောင်ဘက်ယွန်းယွန်း ၁၂ ကီလိုမီတာခန့် တွင် တည်ရှိပြီး ၎င်းတွင် ချောင်းဝကျေးရွာအုပ်စုနှင့် မင်းပြင် ကျေးရွာအုပ်စု တို့ ပါဝင်သည်-

မြောက်ဘက် - ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အနောက်ဘက် ဘေးရှိ မြေတိုင်း မှတ်တိုင်အမှတ် RES1-1 (N 2136923.445m ၊ E 555008.561m) မှ အရှေ့ဘက်သို့ မြေတိုင်းမှတ်တိုင် အမှတ် (RES2-4 ၊ RES2-3 ၊ RES2-2 ၊ RES2-1 ၊ RES2-18 ၊ RES2-17 ၊ RES2-

16) တို့ အတိုင်း ၂၃၀၅.၈၇၂ မီတာခန့် အကွာ ကျောက်ဖြူ - ရန်ကုန်ကား လမ်းမ၏ အရှေ့ဘက်နှင့် CIP1 ၏ တောင်ဘက် ကပ်လျှက်ရှိ မြေတိုင်းမှတ်တိုင် အမှတ် RES2-15 (N 2136565.640m ၊ E 556476.115m ) အထိ။

အရှေ့ဘက် - ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အရှေ့ဘက်နှင့် CIP1 ၏တောင်ဘက်ရှိ မြေတိုင်း မှတ်တိုင် အမှတ် RES2-15 (N2136565.640m ၊ E 556476.115m) မှ တောင်ဘက်သို့ မြေတိုင်း မှတ်တိုင် အမှတ် (RES2-14၊ RES2-13 ၊ RES2-12 ၊ RES1-36 ၊ RES1-35 ၊ RES1-34 ၊ RES1-33 ၊ RES1-32 ၊ RES1-31 ၊ RES1-30 ၊ RES1-29 ၊ RES1-28 ၊ RES1-27 ၊ RES1-26 ၊ RES1-25 ၊ RES1-24 ၊ RES1-23 ၊ RES1-22 ၊ RES1-21 ၊ RES1-20 ၊ RES1-19 ၊ RES1-18 ၊ RES1-17 ၊ RES1-16 ၊ RES1-15 ၊ RES1-14 ၊ RES1-13 ၊ RES3-5 ၊ RES3-4 ၊ RES3-3 ၊ RES3-2 ၊ RES3-1 ၊ RES3-17 ၊ RES3-16 ၊ RES3-15 ၊ RES3-14 ၊ RES3-13) တို့အတိုင်း ၈၃၈၅.၆၉၂ မီတာခန့်အကွာရှိ မြေတိုင်း မှတ်တိုင် အမှတ် RES3-12 (N 2133730.033m ၊ E 556617.701m) အထိ။

တောင်ဘက် - ကျောက်ဖြူ - ရန်ကုန်ကားလမ်းမ၏ အရှေ့ဘက်ရှိ မြေတိုင်း မှတ်တိုင်အမှတ် RES3-12 (N2133730.033m ၊ E 556617.701m) မှ အနောက်ဘက်သို့ မြေတိုင်မှတ်တိုင် အမှတ် (RES3-11 ၊ RES3-10 ၊ RES3-9 ၊ RES3-8 ၊ RES1-8) တို့အတိုင်း ၁၆၄၈.၂၁၂ မီတာခန့် အကွာရှိ မြေတိုင်း မှတ်တိုင် အမှတ် RES1-7 (N 2133200.065m ၊ E 555172.833m) အထိ။

အနောက်ဘက် - ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အနောက်ဘက်ရှိ မြေတိုင်းမှတ်တိုင်အမှတ်RES1-7 (N 2133200.065m၊

E555172.833m)မှ မြောက်ဘက်၊ ကျောက်ဖြူ-ရန်ကုန် ကားလမ်းမ၏ အနောက်ဘက်သို့ မြေတိုင်းမှတ်တိုင် အမှတ် (RES1-6 ၊ RES1-5 ၊ RES1-4 ၊ RES1-3 ၊ RES1-2) တို့ အတိုင်း ၄၃၂၈.၅၅၈ မီတာခန့် အကွာ ကျောက်ဖြူ - ရန်ကုန် ကားလမ်းမ၏ အနောက်ဘက် ဘေးရှိ မြေတိုင်းမှတ်တိုင်အမှတ် RES1-1 (N 2136923.445m ၊ E 555008.561m) အထိ။

မှတ်ချက်။ အထက်တွင် ဖော်ပြထားသော နယ်နိမိတ် အလားအလာများတွင်ပါရှိသည့် မြေတိုင်းမှတ်တိုင်များ၏ တည်နေရာပြ ကိုဩဒိနိတ်စနစ်သည် World Geodetic System 1984 (WGS 84) စနစ်ဖြစ်သည်။

၂။ အထက်အပိုဒ် ၁၊(က)ပါ သတ်မှတ်ဧရိယာများအပြင် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသများအား ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan) အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီက သတ်မှတ်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ဒေသဖွံ့ဖြိုးရေး ဦးစားပေးသည့် အထူးစီးပွားရေးဇုန် (Regional SEZ) အဖြစ် သတ်မှတ်လိုက်သည်။ အဆိုပါ ဒေသလွှမ်းခြုံ ပင်မစီမံချက် ဆောင်ရွက်မည့် Regional SEZ Area သည် ပူးတွဲပါ မြေပုံအတိုင်း ဖြစ်သည်။

အမိန့်အရ

ဒေါက်တာကံဇော်
အတွင်းရေးမှူး
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

စာအမှတ်၊ ရက - ၂/ SEZ /၂၀၁၅ (၁၀၁၇-က)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
လွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ရခိုင်ပြည်နယ်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန်

အမိန့်အရ

ထွန်းထွန်းနိုင်
တွဲဘက်အတွင်းရေးမှူး
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

# ကျောက်ဖြူအထူးစီးပွားရေးဇုန်
# အဆင့်မြင့်အိမ်ရာစီမံကိန်း နယ်နမိတ်




1235.37 acre
(499.93 ha)

# ကျောက်ဖြူအထူးစီးပွားရေးဇုန် နယ်နမိတ်




4289.32 acre
(1735.83 ha)

# ကျောက်ဖြူအထူးစီးပွားရေးဇုန်
# စက်မှုဇုန် စီမံကိန်း နယ်နိမိတ်




| | Area | |
|---|---|---|
| TIP_1 | 784.50 acres | 317.46 ha |
| TIP_2 | 324.68 acres | 131.40 ha |
| CIP_1 | 314.84 acres | 127.41 ha |
| CIP_2 | 1022.05 acres | 413.61 ha |
| Total | 2446.07 acres | 989.90 ha |

2446.07 acre
(989.90 ha)

# ကျောက်ဖြူအထူးစီးပွားရေးဇုန်
# ရေနက်ဆိပ်ကမ်းစီမံကိန်း နယ်နမိတ်




607.88 acre

(246 ha)